# အိမ်၌

## ဘေးကင်းလုံခြုံသည်ဟု **ခံစားခွင့်** သင့်တွင် ရှိပါသည်

Queensland Government

အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစု အကြမ်းဖက်မှုကို သြစတြေးလျနိုင်ငံတွင် လက်မခံပါ။ သင် မည်သူဖြစ်သည် သို့မဟုတ် သင် မည်သည့်နေရာမှလာသည်မှာ အရေးမကြီးပါ၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစု အကြမ်းဖက်မှုသည် မည်သူ့ကိုမဆို ထိခိုက်နိုင်ပြီး လူမှုအသိုင်းအဝိုင်းတိုင်းတွင် ရှိတတ်သည်။

**အကယ်၍ သင်သည် သင့်အိမ်၌ မတော်မတရားပြုကျင့်ခံနေရလျှင် သို့မဟုတ် ကြောက်ရွံ့နေရလျှင် ၎င်းမှာ သင်၏ အမှားကြောင့် မဟုတ်ပါ။ သင့်အနေဖြင့် ရှက်စရာ မလိုပါ သို့မဟုတ် စိတ်ကသိကအောက်ဖြစ်စရာ မလိုပါ။**

**ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေးတစ်ခုမှာ ယုံကြည်ခြင်း၊ ပံ့ပိုးခြင်းနှင့် ဘေးကင်းလုံခြုံခြင်း ဖြစ်သည်။ မည်သူကမျှ မိမိတို့၏ မိသားစုတွင် တစ်စုံတစ်ယောက်ကို ကြောက်ရွံ့၍ မနေသင့်ပါ။**

**အကူအညီ ရရှိနိုင်ပါသည်။ အကယ်၍ သင် ဘေးကင်းလုံခြုံသည်ဟု မခံစားရလျှင် အကူအညီ တောင်းနိုင်ပါသည်။ သင် အကူအညီ လိုအပ်သည့်အခါ ဆက်သွယ်ရန်-**

**အရေးပေါ် အခြေအနေ (ရဲ သို့မဟုတ် လူနာတင်ယာဉ်) ဖုန်းနံပါတ် သုညသုံးလုံး (000)**
တစ်စုံတစ်ဦး ချက်ချင်း အန္တရာယ်ကျရောက်လျှင် ဆက်သွယ်ရန်။

**အမျိုးသမီးများ အတွက် 24 နာရီ အကူအညီ ဖုန်းလိုင်း (Women’s 24 hour help line (DVConnect)) 1800 811 811**
အိမ်၌ အကြမ်းဖက်မှု ကြုံတွေ့နေရသော အမျိုးသမီးများအတွက် လျှို့ဝှက်လုပ်ပေးသည့် အခမဲ့ အကြံဉာဏ်များနှင့် အကူအညီများ ပေးနေပါသည်။

**ရွှေ့ပြောင်း အခြေချ အမျိုးသမီးများအတွက် ကူညီပံ့ပိုးရေးဝန်ဆောင်မှုဌာန (Immigrant Women’s Support Service) 07 3846 3490**
အင်္ဂလိပ်စကား မပြောသော နောက်ခံမှ လာသည့် အမျိုးသမီးများအတွက် နှစ်သိမ့်ဆွေးနွေးပေးပြီး အကြံဉာဏ်ပေးပါသည်။

**အမျိုးသားများအတွက် အကူအညီဖုန်းလိုင်း (Men’s help line (DVConnect)) 1800 600 636**
ပေါင်းသင်းဆက်ဆံရေးနှင့် မိသားစု ပြဿနာများ ကြုံတွေ့နေရသည့် အမျိုးသားများအတွက် လျှို့ဝှက်ဆောင်ရွက်ပေးသည့် အကူအညီ။

**အသက်ကယ် ဖုန်းလိုင်း (Lifeline) 131 114**
နေ့ညမရွေး သင် ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဘေးကျပ်နံကျပ် ကြုံတွေ့နေလျှင် ပံ့ပိုးကူညီပေးပါသည်။

Interpreter

သင့် ဘာသာစကားဖြင့် စကားပြန်ကို ရယူရန်အတွက် ဖုန်း **13 74 68** ကိုခေါ်ပါ။

**ယဉ်ကျေးမှုအရ အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစု အကြမ်းဖက်မှု ဖြစ်ခြင်းမျိုးကို မည်သည့်အခါမျှ ခွင့်မပြုပါ။ ခြင်းချက်မပေးပါ။**

**www.qld.gov.au/domesticviolence**

ဆွေမျိုးတော်စပ်သူ တစ်စုံတစ်ဦးက အခြားတစ်ဦးအပေါ် ထိန်းချုပ်ရန်၊ မတော်မတရားပြုရန် သို့မဟုတ် ခြောက်လှန့်ရန် မိမိ၏ အာဏာကို သုံးသည့်အခါ အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစု အကြမ်းဖက်မှု ဖြစ်ပွားသည်။ ၎င်းသည် အမျိုးမျိုးသော ပုံစံ အများအပြားဖြင့် ရှိနေပြီး မိသားစုအတွင်း ဆက်ဆံရေးများ၌ သို့မဟုတ် အိမ်၌ အများစုအားဖြင့် အဖြစ်များကြသည်။

**သင့် ကြင်ဖော်ဖက်၊ မိသားစုဝင် သို့မဟုတ် သင့်အား စောင့်ရှောက်ပေးသူသည် အောက်ပါ မတော်မတရားပြုမှု အမျိုးအစားများအနက် တစ်ခုခုကို သုံးသလား သို့မဟုတ် ခြိမ်းခြောက်သလား။**

## ငွေကြေးနှင့်ပတ်သက်၍ မတော်မတရားပြုကျင့်မှု

- သင် ရှာဖွေသည့်ငွေကြေး သို့မဟုတ် သင် ရထိုက်သည့် (စင်တာလင့် ထောက်ပံ့ကြေး) ကို သင့်ထံမှ ယူလိုက်သလား။
- သင် သို့မဟုတ် သင့်ကလေးများ၏ လိုအပ်ချက်များအတွက် လုံလုံလောက်လောက် ငွေကြေး ထောက်ပံ့ မပေးဘူးလား။
- သင် ဝယ်သည့်အရာကို စောင့်ကြပ်ကြည့်ရှုပြီး ထိန်းချုပ်သလား။
- အလုပ်အကိုင် မရအောင် သင့်ကို တားဆီးသလား။

## ရုပ်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု

- သင့်ကို တွန်းခြင်း၊ ရိုက်ခြင်း၊ သင့် လည်ပင်းကို ညှစ်ခြင်း၊ ကန်ခြင်း သို့မဟုတ် ပစ္စည်းများဖြင့် ပစ်ပေါက်ခြင်း လုပ်ပါသလား။
- ဆေးကုသမှု သို့မဟုတ် လုံလောက်သော အစားအစာနှင့် ရေ ရရှိရန် သင့်ကို တားဆီးသလား။

## လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု

- သင် မလုပ်ချင်သည့် (ထိမ်းမြားထားခြင်းပင် ဖြစ်သည့်တိုင်) လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များကို သင့်အား အတင်းအကျပ် လုပ်ခိုင်းသလား သို့မဟုတ် လုပ်ရန်ဖိအားပေးသလား။
- သင် လိင် မဆက်ဆံလျှင် သင့်ကို အန္တရာယ်ပြုရန် ခြိမ်းခြောက်သလား။

## နှုတ်ဖြင့် မတော်မတရားပြုကျင့်မှု

- သင့်ကို ဆဲဆိုသလား သို့မဟုတ် သင့်အပေါ် စော်ကားသော စကားမျိုး ပြောသလား။
- အထူးသဖြင့် လူအများရှေ့တွင် သင့်ကို အရှက်ခွဲသလား၊ ဝေဖန်သလား သို့မဟုတ် စော်ကားသလား။

## စိတ်ခံစားမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု

- သင့်ကို အသုံးမကျအောင်၊ အရှက်ရအောင်၊ ခိုကိုးရာမဲ့အောင်၊ စိတ်ဒုက္ခရောက်အောင် သို့မဟုတ် ကြောက်ရွံ့အောင် လုပ်သလား။
- သင်၊ သင့်ကလေးများ ၊ သင့်မိသားစုဝင်များ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များကို ကိုယ်ထိလက်ရောက် ထိခိုက်အောင် ခြိမ်းခြောက်သလား။
- သင့် နိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းထားသလား သို့မဟုတ် ဩစတြေးလျနိုင်ငံမှ နှင်ထုတ်မည်ဟု သင့်ကို ခြိမ်းခြောက်သလား။
- သင့်ကို ထားပစ်မည်ဟု ခြိမ်းခြောက်သလား သို့မဟုတ် သင့်ကလေးများကို ခေါ်၍ အဝေးသို့သွားမည်ဟု ခြိမ်းခြောက်သလား။
- သင် ဝတ်စားသည့်၊ ကြည့်ရှုသည့် နှင့်/သို့မဟုတ် ဖတ်ရှုသည့် အရာကို ထိန်းချုပ်သလား။

## ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ မတော်မတရားပြုကျင့်မှု

- သင်၏ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ ယုံကြည်မှု သို့မဟုတ် ကျင့်သုံးမှုများအတွက် သင့်ကို အရှက်ခွဲသလား။
- သင့်ကို သင့် စိတ်ကြိုက် ဘာသာစကား ပြောရန် နှင့် ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ ပွဲလမ်းများသို့ သွားခြင်းကို တားဆီးသလား။
- သင် မလုပ်ချင်သည့် အရာများကို လုပ်ရန် သင့်ကို အန္တရာယ်ပေးခြင်း သို့မဟုတ် အတင်းအကျပ်လုပ်ခြင်း အတွက် အကြောင်းပြချက်တစ်ခုအဖြစ် ဘာသာရေးဆိုင်ရာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်များကို သုံးသလား။
- အကယ်၍ သတို့သမီးဘက်က ပေးရသည့် တင်တောင်းပစ္စည်း မပေးသေးလျှင် ခြိမ်းခြောက်မှုများ လုပ်သလား။

## လူမှုရေးဆိုင်ရာ မတော်မတရားပြုကျင့်မှု

- သင် မည်သည့်နေရာသို့ သွားရမည်၊ သင် မည်သူနှင့်တွေ့မည်ကို ထိန်းချုပ်ခြင်း သို့မဟုတ် အိမ်တွင်း၌ သင့်ကို ပိတ်ထားခြင်း သို့မဟုတ် သင့် မိသားစုနှင့် မိတ်ဆွေများကို တွေ့ဆုံခြင်းမှ တားမြစ်သလား။
- သင်၏ ဖုန်းပြောဆိုမှုများနှင့် လူမှု မီဒီယာ (ဥပမာ၊ Facebook, Instagram) တို့ကို စောင့်ကြပ်ကြည့်ရှုသလား။
- အခြားသူများနှင့် သင် စကားပြောလျှင် ပိုင်စိုးပိုင်နင်းလုပ်ပြီး မနာလိုဖြစ်သလား။

**အကယ်၍ ဤအရာများ သင့်တွင် ဖြစ်ပွားနေလျှင် ၎င်းသည် အိမ်တွင်းအကြမ်းဖက်မှုနှင့် မိသားစု အကြမ်းဖက်မှု ဖြစ်သည်။**